# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## စာရင်းဌာန

စာအမှတ်၊ မဗဘ/နပတ(စာရင်း) ( ၅၂၄ /၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ ခုနှစ် မေလ (၁၇) ရက်

သို့

ဘဏ်များအားလုံး

အကြောင်းအရာ။ **ဘဏ်အချင်းချင်း ချက်လက်မှတ်စာရင်းရှင်းလင်းခြင်းအား ပုံမှန်ဆောင်ရွက်ရန်ကိစ္စ**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းဌာန၏ (၂၂.၂.၂၀၂၁) ရက်စွဲပါ စာအမှတ်၊ မဗဘ/နပတ(စာရင်း) (၁၈၁/၂၀၂၁)

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းဌာန၏ (၁.၃.၂၀၂၁) ရက်စွဲပါ စာအမှတ်၊ မဗဘ/နပတ(စာရင်း) (၁၈၆/၂၀၂၁)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေသားလည်ပတ်စီးဆင်းမှုရှိစေရန်နှင့် ငွေပေးချေမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းလျက်ရှိရာ Covid-19 ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေနှင့် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဘဏ်များအကြား Physical Cheque/PO များ လဲလှယ်မှုမပြုနိုင်မီအတွင်း ဘဏ်အချင်းချင်းကြား ချက်လက်မှတ်စာရင်းရှင်းလင်းနိုင်ရန် ဆောင်ရွက်မည့်ပုံစံတို့ကို ရည်ညွှန်း (၁) ပါစာဖြင့်လည်းကောင်း၊ သတ်မှတ်နေရာတွင် ဘဏ်များမှ Cheque/PO များ လဲလှယ်နိုင်ကြောင်းကို ရည်ညွှန်း (၂) ပါစာဖြင့်လည်းကောင်း အကြောင်းကြားခဲ့ပါသည်။

၂။ ယခုအခါ ဘဏ်များအကြားချက်လက်မှတ်စာရင်းရှင်းလင်းခြင်း (MCH) ကို ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၌ ပုံမှန်ဆောင်ရွက်သည့်အတိုင်း ဘဏ်များမှ နေ့စဉ်လူကိုယ်တိုင်လာရောက်၍ (၁၈.၅.၂၀၂၁) ရက်နေ့မှ (၃၁.၅.၂၀၂၁) ရက်နေ့အထိ စာရင်းရှင်းလင်းခြင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ နောက်ပိုင်းတွင် Cheque Truncation System (CTS) ဖြင့်သာ စာရင်းရှင်းလင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဘဏ်များမှ Clearing တက်ရောက်မည့်သူ၏ အမည် ၊ မှတ်ပုံတင်အမှတ် ၊ ဝန်ထမ်းကတ်မိတ္တူတို့ကို (၁၇.၅.၂၀၂၁) ရက်နေ့ ၊ ညနေ (၆:၀၀) နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ စာရင်းဌာန (email: cbmnet.ft@gmail.com နှင့် nptpssdept@gmail.com ) သို့ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

(ပုံ)xxxxxxxxxxxxx

(ခိုင်ရွှေဝါ)

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ